# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 28 , 2022 Volume 59, Number 18

၂၈.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၉၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၄၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံမှထွက်ရှိသည့် ဒေသထွက်ကုန်များ ပါဝင်ပြသမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကဦးဆောင်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ (အောက်တိုဘာ ၂၇ ရက်)နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့်ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ပါတီကော်မတီအတွင်းရေးမှူး ကျန်းကြည်းကျိန့်၊ လင်ချန်းမြို့ မြို့တော်ဝန် သုကျန့်ဟွေးနှင့် တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များနှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီ ၄၃ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက ကုန်စည်ပြပွဲအား ဖွင့်လှစ်ကြောင်း ကြေညာပေးသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများနှင့်အဝတ်အထည်များကို မြန်မာနိုင်ငံမှ ကုမ္ပဏီ ၃၃ ခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၁၀ ခု စုစုပေါင်း ၄၃ ခုတို့သည် Myanmar Online Expo Park အွန်လိုင်းကုန်စည်ပြပွဲ Platform မှ လေးရက်ကြာ ပါဝင်ပြသကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် http://www.myanmarexpopark.com သို့ဝင်ရောက်၍ Visitor/Buyer Registration တွင် မှတ်ပုံတင်ဆောင်ရွက်ပြီး လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/32002

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီတွင် ဒေါ်လာ ၂၉၇ သန်းကျော်နှင့် မေလတွင် ဒေါ်လာ ၄၄၂ သန်းကျော်ရရှိခဲ့သဖြင့် နှစ်လအတွင်း ဒေါ်လာသန်း ၅၀၀ နီးပါးရရှိ

ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ် ဧပြီတွင် ဒေါ်လာ ၂၉၇ သန်းကျော်နှင့် မေလတွင် ဒေါ်လာ ၄၄၂ သန်းကျော် ရရှိခဲ့သဖြင့် နှစ်လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှ ဒေါ်လာသန်း ၅၀၀ နီးပါး ရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှ ဒေါ်လာ ၂၂၂၉ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ဒီဇင်ဘာလတွင် အများဆုံး တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်း လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ၄၁၄ ဒသမ ၃ သန်း၊ ဇန်နဝါရီတွင် ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်လတွင် ဒေါ်လာ ၄၀၃ ဒသမ ၈ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂၂၂၉ ဒသမ ၈ သန်း ရရှိခဲ့ကြောင်း သိရသည်။

လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်း၊ မတ်တွင် ဒေါ်လာ ၂၆၈ သန်း၊ ဧပြီတွင်ဒေါ်လာ ၂၃၈ ဒသမ ၇ သန်း၊ မေတွင်ဒေါ်လာ ၂၇၈ ဒသမ ၅ သန်း၊ ဇွန်တွင် ဒေါ်လာ ၃၁၉ ဒသမ ၃ သန်း၊ ဇူလိုင်တွင်ဒေါ်လာ ၃၁၀ ဒသမ ၇ သန်း၊ သြဂုတ်တွင် ဒေါ်လာ ၄၂၄ ဒသမ ၅ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၃၇၈ ဒသမ ၃ သန်း၊ အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ဒေါ်လာ ၄၁၄ ဒသမ ၃ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်တွင် ၄၀၃ ဒသမ ၈ သန်း ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါးရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအဓိက မှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကို လေ့လာကြည့်ပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန် နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။ အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိ တင်ပို့ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်၌ အထည်ချုပ်တင်ပို့မှုတွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာ တစ်ဘီလျံနီးပါးခန့်အထိ ရောက်ရှိလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

**Source:** https://news-eleven.com/article/239515

## ပန်းတနော်မြို့နယ်ထွက် သင်ဖြူးဖျာများ ဈေးကွက်ရနေ



https://www.myawady.net.mm/node/31982

ပန်းတနော်မြို့နယ်ထွက် သင်ဖြူးဖျာများသည် မြို့နယ်တွင်းသာမက မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း မြို့နယ်တို့အထိ ဈေးကွက်ရရှိနေကြောင်း သင်ဖြူးဖျာများ ထုတ်လုပ်ရောင်းချသူများထံမှသိရသည်။

သင်ဖြူးဖျာထုတ်လုပ်ရောင်းချရန်အတွက် သင်မများ ဝယ်ယူခြင်း၊ သင်စိတ်ခြင်း၊ သင်ဖြူးဖျာရက်လုပ်ခြင်း၊ သင်ဖြူးဖျာချုပ်ခြင်းများ ဆောင်ရွက်ရကြောင်း၊ ဈေးကွက်အတွင်း ရောင်းချခြင်းနှင့်ပတ်သက်၍ သင်မ ၆ တောင် တစ်မလျှင် ငွေကျပ် ၂၈၀၀၀ နှင့်ဝယ်ယူပြီး သင်ဖြူးဖျာရက်ခ၊ သင်ဖြူးဖျာချုပ်ခနှင့် အခြားလုပ်အားခအပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၃၅၅၀၀ ကုန်ကျသည်။ ဖျာရက်ရာတွင် ၆ တောင်သင်ဖြူးဖျာချော နှစ်ချပ်ထွက်ရှိခြင်းကြောင့် တစ်ချပ်လျှင် ငွေကျပ် ၂၇၀၀၀ ဖြင့်ရောင်းရ၍ အကျိုးအမြတ်ငွေကျပ် ၁၈၅၀၀ ရရှိသည်။

သင်မ ၅ တောင်ထွာ တစ်မလျှင် စုစုပေါင်းကုန်ကျစရိတ်ငွေကျပ် ၃၀၅၀၀ ကုန်ကျပြီး အကျိုးအမြတ် ငွေကျပ် ၁၅၅၀၀ ရရှိကြောင်း၊ ထို့ပြင် အခြားသင်မ ၄ တောင်ထွာ၊ ၄ တောင်၊ ၃ တောင်ထွာ၊ ၃ တောင် သင်ဖြူးဖျာများလည်း ထုတ်လုပ်ရောင်းချ၍ ဈေးကွက်ရရှိနေသည့်အပြင် ထိုင်ဖျာများ၊ တရားထိုင်ဖျာများနှင့် အခြားတီထွင်ဆန်းသစ်ထားသော သင်ဖြူးပိုက်ဆံအိတ်၊ သင်ဖြူးဦးထုပ်များလည်း ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31982

## တရုတ်နိုင်ငံ၏ ဆေးဝါး အီး-မှတ်ပုံတင်လက်မှတ်များကို နိုဝင်ဘာလမှ စတင်ထုတ်ပေးမည်ဖြစ်

တရုတ်နိုင်ငံ၊ အမျိုးသားဆေးဘက်ဆိုင်ရာ ထုတ်ကုန်များစီမံခန့်ခွဲရေးအဖွဲ့ National Medical Products Administration သည် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှစတင်၍ ဆေးဝါးများအတွက် အီးမှတ်ပုံတင်လက်မှတ်များ E-Registration ကို စတင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့တွင် ဆေးဘက်ဆိုင်ရာ စမ်းသပ်ခွင့်ပြုချက်လက်မှတ်များ၊ ဈေးကွက်ရှာဖွေရေး ခွင့်ပြုချက်လက်မှတ်များ၊ ပြန်လည်မှတ်ပုံတင်ခြင်းလက်မှတ်များ၊ ဖြည့်စွက်လျှောက်လွှာတင် ခွင့်ပြုချက်လက်မှတ်များ၊ တရုတ်တိုင်းရင်းဆေး အကာအကွယ်လက်မှတ်များ၊ တင်သွင်းကုန်ကြမ်းပါဝင်ပစ္စည်းများနှင့် ဓာတုကုန်ကြမ်းများပါဝင်ကြောင်း သက်သေခံလက်မှတ်များကို အွန်လိုင်းတွင်စစ်ဆေးနိုင်ကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source: China to Start Issuing E-Registration Certificates for Drugs from November | HKTDC Research**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%81

## တရားမဝင်လမ်းကြောင်းကနေ တင်ပို့နေရတဲ့ မြန်မာ့မက္ကဒေးမီးယားကို ပြင်သစ်ကုန်စည်ပြပွဲမှာ အထူးစိတ်ဝင်စားနေ



https://www.myanmaplatform.com/a/64617.html

ပြင်သစ်နိုင်ငံရဲ့ ကုန်စည်ပြပွဲမှာပြသခဲ့တဲ့အသီးအနှံခြောက်မျိုးအနက် မြန်မာ့မက္ကဒေးမီးယားကို အထူးစိတ်ဝင်စားမှုရရှိခဲ့တယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်စိုက်ပျိုး ရောင်းချသူများအသင်းမှ သိရပါတယ်။

မက္ကဒေးမီးယားမှာ Omega-3 ပါဝင်တဲ့အတွက် ကျန်းမာရေးဓာတ်စာအဖြစ် အဓိကစားသောက်ကာ နေ့စဉ် အသီးရှစ်လုံးခန့်စားသုံးရင် အသားအရေနုပျိုစေတဲ့အတွက် အမျိုးသမီးတွေအကြားရေပန်းစား လူကြိုက်များပြီး လှော်စားကြသလို အစားအသောက်တွေမှာလည်း အသုံးပြုတယ်လို့ သိရပါတယ်။

အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ပြင်သစ်နိုင်ငံမှာပြုလုပ်ခဲ့တဲ့ SIAL Paris Inspire

Food Business ပြပွဲမှာ မြန်မာနိုင်ငံမှ ထောပတ်သီး၊ သရက်သီး၊ ဝဥ၊ မက္ကဒေးမီးယား၊ နာနတ်သီးနဲ့ ကယန်းငရုတ်သီးတို့ကို ပါဝင်ပြသခဲ့ပြီး ပြပွဲလာရောက်သူတွေက မက္ကဒေးမီးယားကို ပိုမိုစိတ်ဝင်စားခဲ့ကြတယ်လို့ သိရပါတယ်။

မက္ကဒေးမီးယားကို ပြည်ပဈေးကွက် စတင်ဖောက်နေပြီး တရားမဝင်လမ်းကြောင်းဖြစ်နေသေးကာ အိမ်နီးချင်းတရုတ်နိုင်ငံကို အဓိကတင်ပို့ချင်ပေမယ့် ဈေးကွက်လိုအပ်ချက်မရှိတော့ တင်ပို့မရသေးဘူးလို့ သစ်သီးဝလံအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

လက်ရှိ တရားမဝင်လမ်းကြောင်းမှတဆင့် ထိုင်းနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို တင်ပို့နေပြီး ဈေးကွက်ဝေစုအတွက် ယှဉ်ပြိုင်ရမှုတွေ ရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။ မက္ကဒေးမီးယားကို ပြည်ပဈေးကွက် စတင်ဖောက်နေပြီး တရားမဝင်လမ်းကြောင်းဖြစ်နေသေးကာ အိမ်နီးချင်းတရုတ်နိုင်ငံကို အဓိကတင်ပို့ချင်ပေမယ့် ဈေးကွက်လိုအပ်ချက်မရှိတော့ တင်ပို့လို့မရသေးဘူးလို့ သစ်သီးဝလံအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

လက်ရှိ တရားမဝင်လမ်းကြောင်းမှတဆင့် ထိုင်းနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို တင်ပို့နေပြီး ဈေးကွက်ဝေစု အတွက် ယှဉ်ပြိုင်ရမှုတွေရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဈေးနှုန်းအနေနဲ့ အခွံချွတ်လှော်ပြီးသား ၂၅၀ ဂရမ်ကို ၁၅၀၀၀ ကျပ် ဝန်းကျင်ရောင်းချပြီး အခွံမခွာရသေးတဲ့ အစိမ်း ၁ ကီလိုဂရမ်ကို ကျပ် ၄၀၀၀ ဝန်းကျင်နဲ့ မက္ကဒေးမီးယားဆီ တစ်ပိဿာကို ကျပ် နှစ်သိန်းဝန်းကျင် ပေါက်ဈေးရှိတယ်လို့သိရပါတယ်။

https://www.myanmaplatform.com/a/64617.html

## ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၅-၁၀-၂၀၂၂ မှ ၂၈-၁၀-၂၀၂၂ ) အတွင်း အာလူးတစ်ပိဿာဈေးနှုန်းများမှာ (၂၅-၁၀-၂၀၂၂) တွင် အောင်ပန်း A1 ကျပ် ၁၅၅၀၊ အောင်ပန်း OK ကျပ် ၁၆၀၀၊ အောင်ပန်း S1 ကျပ် ၁၆၅၀၊အောင်ပန်း S2 ကျပ် ၂၀၀၀ နှင့် တရုတ်အာလူး ကျပ် ၂၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၂၀၀၊ အောင်ပန်း A1 ကျပ် ၁၅၀ အောင်ပန်း OK ကျပ် ၁၅၀၊ အောင်ပန်း S1 ကျပ် ၁၅၀ နှင့် အောင်ပန်း S2 ကျပ် ၃၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၁ စီး (၃၀၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၂၅-၁၀-၂၀၂၂ မှ ၂၈-၁၀-၂၀၂၂ )အတွင်း ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၂၅-၁၀-၂၀၂၂) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၃၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၆၀၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၃၄၀၀ ဆိပ်ဖြူလတ်ချော ကျပ် ၃၀၀၀၊ မြင်းခြံ(ကံဆင့်)ရှယ် ကျပ် ၄၀၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၈၀၀ မြင်းခြံလတ်သန့် ကျပ် ၃၆၀၀ ၊ မြင်းခြံလတ်ချော ကျပ် ၃၂၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ်ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ မြင်းခြံ(ကံဆင့်)ရှယ် ကျပ် ၂၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၀၀၊ မြင်းခြံ လတ်သန့် ကျပ်၂၀၀၊ မြင်းခြံလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၉၂ စီး (၅၅၂၀၀၀ ပိဿာ) ခန့် ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၂၅-၁၀-၂၀၂၂ မှ ၂၈-၁၀-၂၀၂၂) အတွင်း ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၂၅-၁၀-၂၀၂၂) တွင် ကြူကုတ်ရှယ် ကျပ် ၃၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၃၅၀ ၊ အောင်ပန်းထူး-၄ ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၂၀၀ အိတ် (၆၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၇၉၀၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၁၁၅၀၀၀ နှင့် ပဲစဥ်းငုံ Red/RC (2022 Crop) ကျပ် ၁၉၉၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၃၀၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၃၅၀၀၀ နှင့် ပဲစဥ်းငုံ Red/RC (2022 Crop) ကျပ် ၁၅၀၀၀ ဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။ ယခင်အပတ်ကကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀ ) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀ ) စုစုပေါင်း ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောငရုပ်သီး (တစ်ပိဿာ)ဈေးနှုန်းများမှာ ပန်းရဲငရုပ် (သစ်) AC ကျပ် ၂၀၀၀၀၊ မြားနီ ဟသ်ာတ (သစ်) AC ကျပ် ၁၉၅၀၀၊ မြစ်ဝ (ပု) ကျပ် ၂၅၀၀၀၊ ကျောက်ဆည်ဒီမွန် ကျပ် ၁၅၅၀၀ နှင့် မိုးထောင် ပျော်ဘွယ် ကျပ် ၁၅၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီဟသ်ာတ(သစ်) AC ကျပ် ၅၀၀၊ ပန်းရဲငရုပ်(သစ်) AC ကျပ် ၁၀၀၀၊ မိုးထောင်ပျော်ဘွယ် ကျပ် ၅၀၀ နှင့် ကျောက်ဆည်ဒီမွန် ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုပ်ရှည်အိတ်ပေါင်း ၂၅၀၀ အိတ်( ၅၀၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၃၀၀ အိတ် (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုပ်ရှည်အိတ်ပေါင်း ၄၅၀၀(၉၀၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၄၀ အိတ် (၆၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခုအပတ်တွင် ငရုပ်ရှည် အိတ်ပေါင်း ၂၀၀၀ အိတ်(၄၀၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုပ်ပုအိတ်ပေါင်း ၂၆၀ အိတ် (၃၉၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒိုး) ကျပ် ၃၂၀၀၊ ညောင်ဦးဆေးရှယ်ထန်း ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ်ထန်းရော ကျပ် ၂၅၅၀၊ ပခုက္ကူကြိမ်း ကျပ် ၃၃၅၀၊ ရေစကြိုထန်းလျက် ကျပ် ၃၈၅၀၊ ကြံသကာ အိတ်သွတ်စ ကျပ် ၂၇၂၅၊ မြေပဲကြံသကာ ကျပ် ၂၇၇၅ နှင့် သကြား (ပြည်တွင်း) ကျပ် ၂၅၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်အားလုံးဈေးငြိမ်လျက်ရှိသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၂၂၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးမှာငြိမ်လျက်ရှိကြောင်း သိရသည်။

Source: မြန်မာကုန်သွယ်မှုဇဟိုဌာန (ရန်ကုန်)

## ဖျာပုံမြို့တွင် ယခုလအတွင်း ငါးကွမ်းရှပ်ငါးဈေးကောင်းရရှိ



https://www.foodindustrydirectory.com.mm

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ငါးကွမ်းရှပ်ငါးများ ယခုလအတွင်းဈေးကောင်းရရှိနေသဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာကြောင်း ဖျာပုံမြို့နယ်ရှိ ငါးအဝယ်ဒိုင်များထံမှ သိရသည်။.

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးဈေးကွက်တွင် ငါးကွမ်းရှပ် တစ်ပိဿာ ဈေးနှုန်းမှာ ငွေကျပ် ၁၆၀၀၀ ခန့်သာရှိခဲ့ပြီး ယခုအောက်တိုဘာလဆန်းမှ ယနေ့ထိ တစ်ပိဿာ ငွေကျပ် ၁၈၀၀၀ သို့ ဈေးအနည်းငယ် စတက်လာခဲ့ကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ငါး ဈေးတက်လာခြင်းကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများနှင့် ရောင်းဝယ်ရေးဒိုင်များ အရောင်းအဝယ်သွက်လက် အဆင်ပြေလာကြောင်းသိရသည်။

"ဖျာပုံငါးဈေးကွက်မှာ ငါးကွမ်းရှပ်ဈေးနှုန်းက အထွက်နှုန်းနဲ့ ဝယ်လိုအားလိုက်တယ်။ ဈေးနှုန်းပြောင်းလဲလေ့ရှိပေမဲ့လဲ အခုလို ကထိန်အလှူကာလတွေမှာ ပုံမှန်ထက် ဈေးကောင်းရလာတာပါ။ အရင်က တစ်ပိဿာ ၁၂၀၀၀၊ ၁၃၀၀၀ အများဆုံးပါပဲ။ အစ်မတို့ဒိုင်မှာတော့ တစ်ပိဿာ ၁၈၀၀၀ ထိရောင်းရတယ်။ တစ်ခြားဒိုင်တွေမှာတော့ တစ်ပိဿာ ၂၀၀၀၀ ထိ ရောင်းချနေရတာတွေရှိတယ်။ နယ်အစုံက အဝယ်များနေတာပါ။ ဈေးကောင်းရရှိတော့ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါတယ်" ဟု ဖျာပုံမြို့နယ်ရှိ ငါးအဝယ်ဒိုင်ပိုင်ရှင် ကပြောပြသည်။

အဆိုပါ ငါးကွမ်းရှပ်မှာ အကြေးခွံမဲ့ ငါးတစ်မျိုးဖြစ်ပြီး ကိုယ်ထည်ပြား၍ အရိုးနည်းပြီး အရသာရှိကြောင်း၊ ငါးကွမ်းရှပ် ငါးအမျိုးအစားသည် မြန်မာ့ပင်လယ်ပြင်တွင် တစ်နှစ်ပတ်လုံး ဖမ်းဆီးရမိလေ့ရှိသော်လည်း ယခုကဲ့သို့ အောက်တိုဘာလတွင် ပုံမှန်ထက် ဖမ်းဆီးရမိလေ့ရှိကြောင်းဖျာပုံမြို့ရှိ ငါးအဝယ်ဒိုင်များထံမှသိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5208-get-a-good-price-of-fish-in-this-month.html

## ထိုင်းဆန်၊ ဗီယက်နမ်ဆန်၊ အိန္ဒိယဆန် တစ်ပတ်တာ ဈေးနှုန်းအတက်အကျများ



https://www.foodindustrydirectory.com.mm

ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယ၏ ဆန်ဈေးသည် ယခုသီတင်းပတ်တွင် ရူပီး-ကန်ဒေါ်လာလဲနှုန်း အတက်အကျနှင့် ဆန်ရရှိနိုင်မည့်ပမာဏအပေါ် စိုးရိမ်မှုများကြောင့် ဈေးတက်သည်။

၅% ဆန်ကွဲပါ အိန္ဒိယပေါင်းဆန် <RI-INBKN5-P1> အမျိုးအစားသည့် ခေါ်ဈေး တစ်တန်လျှင် ယခင်အပတ်က ကန်ဒေါ်လာ ၃၇၄ ~ ၃၈၂ ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် ကန်ဒေါ်လာ ၃၇၅ ~ ၃၈၄ သို့ မြင့်တက်သည်။

အိန္ဒိယတွင် စပါးအထွက် ယခင်မျှော်မှန်းထားသည်ထက် လျော့နည်းဖွယ် ရှိသည်။ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ပြည်နယ်များတွင် မိုးကြောင့် စပါးခင်းများ ပျက်စီးထားသည်။ မရိတ်သိမ်းခင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ကို စပါးအထွက်များသည့် ဥတ္တရပဒေသပြည်နယ်၊ အနောက်ဘင်္ဂါ၊ အန္ဓရဒေသပြည်နယ်များတွင် ကြုံခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စပါးစိုက်ခင်းများ ပျက်စီးခဲ့ပြီး အဓိကထား စားသုံးသည့် ဆန်စပါး ဈေးနှုန်းကို ထိန်းညှိရန် ရုန်းကန်နေရစဉ် တနင်္လာနေ့ (အောက်တိုဘာ ၂၄)တွင် ဆိုင်ကလုန်း စစ်ထရန်း ကျရောက်ခဲ့ပြန်သည်။ စပါးခင်း ဟက်တာ ၆,၀၀၀ ခန့် ပျက်စီးသည်ဟု ခန့်မှန်းသည်။ ယခင်ကလည်း ရာသီဥတုကြောင့် စပါးတန်ချိန် ၂၅၄,၀၀၀ ပျက်စီးခဲ့သည်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> ခေါ်ဈေး အပြောင်းအလဲမရှိပါ။ FOB free-on-board ဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၂၅ ~ ၄၃၀ ခေါ်ဈေး ဖြစ်ပေါ်ခဲ့သည်။

"လယ်သမားတွေဟာ လက်ရှိပေါက်ဈေးကနေ အမြတ်တွေရနေပြီး ဒီနှစ်ရဲ့ အကြီးဆုံး နွေစပါးသီးနှံမှာ စိုက်ပျိုးရေးယာ၊ ဓာတ်မြေဩဇာ သုံးစွဲမှုစတာတွေ ပိုမိုသုံးစွဲဖို့ ဖြစ်လာလိမ့်မယ်" ဟု ဟိုချီမင်းစီးတီးမှ ကုန်သည်တဦးက ပြောသည်။

ဗီယက်နမ်အစိုးရသည် ယခုနှစ် ပထမ ၁၀ လပတ်တွင် ဆန်တန်ချိန် ၆ ဒသမ ၀၇ သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အောက်တိုဘာလတွင် ဆန်တန်ချိန် ၇ သိန်း တင်ပို့ရန် ရည်မှန်းထားသည်။ ဖိလစ်ပိုင်၊ အာဖရိက၊ ကျူးဘားနှင့် ဘင်္ဂလားဒေ့ရှ်တို့ထံ ဆန်တင်ပို့လျက် ရှိသည်။

၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစား ယခုသီတင်းပတ်တွင် ဈေးနှုန်း မဆိုစလောက်သာ ပြောင်းခဲ့သည်။ ခေါ်ဈေး တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၅ ရှိသည်။ ပမာဏများသည့် အရောင်းအဝယ် ကန်ထရိုက်ရရှိခဲ့ခြင်း မရှိချေ။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5216-asia-rice-oct-24-27.html

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | -100 | -1.06% | 9,400 | 9,400 | 9,300 | 1,543 | 14,472,400 | 33,109,694 | 307,920 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 4,428 | 15,055,200 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 94 | 723,800 | 10,400,986 | 80,088 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 1,000 | 20,000,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 65 | 175,500 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 30 | 81,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 50 | 250,000 | 10,497,598 | 52,488 |


## Market summary

As of 28th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.63 | -1.90 | -0.46% | 410.53 | 410.53 | 408.63 | 7,210 | 50,757,900 | 7 | 710,858 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 28th Oct. 2022

| MYANPIX | 408.63 ▼ 1.90 |
|---|---|
| Total Volume (shares) | 7,210 |
| Total Value (MMK) | 51 mil |
| Listed Company | 7 |
| Market Cap. (MMK) | 710,858 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |